ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

5.1.2023

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၃) ဦး	(၈) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

ဇန်နဝါရီလ(၅)ရက်နေ့မနက်(၈)နာရီခန့်က လွိုင်ကော်မြို့နယ်၊ လွိုင်ကော်လေဆိပ်အား တော်လှန်ရေးတပ်ပေါင်းစုများက ရှော့တိုက်ဒုံးဖြင့်ပစ်ခတ်ခဲ့ရာ ရဲတစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

မွန်ပြည်နယ်

ဇန်နဝါရီလ(၅)ရက်နေ့မနက်(၇)နာရီခန့်က ကျိုက်ထိုမြို့နယ်၊ အင်ဘိုရွာအနီးတွင် ရန်သူယာဉ်တန်းတစ်ခု မိုင်းဆွဲတိုက်ခိုက်ခံရပြီး ကားပေါ်ပါ ရန်သူတပ်သားများ ထိခိုက်သေဆုံးမှုများရှိခဲ့သည်။ မိုင်းဆွဲတိုက်ခိုက်ခံရပြီးနောက် ကား(၄)စီးလုံး ရပ်သွားပြီး နှစ်ဘက်အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၅)ရက်နေ့မနက်(၈:၁၅)နာရီခန့်က ကောလင်းမြို့နယ်၊ နှောခုံကျေးရွာအနီး ကောလင်းမြို့မှ ထွက်လာသော ရန်သူတပ်သား (၇၀)ခန့်ကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(ကောလင်းခရိုင်)တပ်ရင်း (၁)၊ ကောလင်းမြို့နယ်ပကဖတို့က M-79 ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ့ရှေ့ပွိုင့်အနီးကျရောက်ခဲ့သဖြင့် ရန်သူတပ်သား (၅)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၅)ရက်နေ့မနက်(၉:၃၀)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ယောကျေးရွာရှိ ရန်သူတပ်သားနှင့် ပျူစောထီးများကို Kanbalu Underground Warriors၊ MPF U.18၊ လင်းယုန်နီ၊ မြေပြင် လှုပ်ရှား ညီနောင်များ၊ ကန့်ဘလူတောင်ခြမ်း Local အဖွဲ့များပူးပေါင်း၍ 60 mm(၈)လုံး၊ Drone ဗုံးသီး(၂)လုံး၊ လက်နက်ငယ်များဖြင့်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်သား (၃) ဦးသေဆုံးခဲ့သည်။

<u>မန္တလေးတိုင်း</u>

- ဇန်နဝါရီလ(၄)ရက်နေ့မနက်(၈)နာရီခန့်က မဟာအောင်မြေမြို့နယ်၊ (၆၃)လမ်း၊ (၃၉) လမ်းနှင့် လမ်း(၄၀) ကြားရှိ မနောရမ်ပန်းခြံရှေ့တွင် "ခွေးစာရှယ်ကျွေး တော်လှန်မန္တလေး" ဆိုသည့် စာတန်းအား လာရောက်ဖြုတ်သည့် ရန်သူ့ကား(၃)စီးပါယာဉ်တန်းအား မြန္မာစစ်ဆင်ရေးအဖွဲ့မှ အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည်။
- ဇန်နဝါရီလ(၄)ရက်နေ့နေ့လယ်ပိုင်းက သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာရှိ ရန်သူများနှင့်ပျူစောထီးများ စုဝေးနေသော အုပ်ချုပ်ရေးမှူးရုံးထဲသို့ TBK တောဆင်ရိုင်း ပြောက်ကျားတပ်ဖွဲ့နှင့် နယ်မြေခံ ရပ်ကျေး(ပကဖ)တို့မှ Drone ဖြင့် ဗုံးသီးချတိုက်ခိုက်ခဲ့ရာ ရန်သူတပ်သား(၂)ဦးနှင့်ပျူစောထီး (၂) ဦးတို့ အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။